YOMA STRATEGIC HOLDINGS LTD. FMI
YOMA GROUP
YOMA PEOPLE 2020

# Yoma Bulletin

# ရိုးမ သတင်းစဉ်

## Group Bi-weekly highlights

HIGHLIGHT

## What's Coming Up


Over the past months, we have increased the number of activities for everyone to participate in online. However, we also recognised that keeping up with the numerous activities can sometimes be quite difficult. What are the events? When is it held? How can I join?

As a result, we have created a new Yoma Events Calendar on Yoma Connect that allows you to find out more about each event, sign up as well as add to your calendar in just a few clicks. You can now easily view a weekly and monthly overview of all the events that within the Yoma Group that you can participate in. We have also made it mobile-friendly to view. Click here to check it out now.

For entities that would like to have their event included in the Yoma Events Calendar, please send your request to here.

ပြီးခဲ့သောလတွေမှာ လူတိုင်းပါဝင်နိုင်သော အွန်လိုင်းလှုပ်ရှားမှုအမျိုးမျိုးကို ကျွန်ုပ်တို့ တိုးမြှင့်လုပ်ဆောင်ခဲ့ပါသည်။ ထိုသို့ များပြားလှသော လှုပ်ရှားမှုတိုင်းတွင်ပါဝင်ရန် တစ်ခါတစ်ရံတွင် ခက်ခဲနေတတ်သည်ကိုလည်း ကျွန်ုပ်တို့မှ နားလည် သဘောပေါက်ပါသည်။ ဘယ်လိုအစီအစဉ်တွေ ရှိနေသလဲ။ ဘယ်နေရာမှာ ကျင်းပမှာလဲ။ ဘယ်လိုပါဝင်နိုင်သလဲ စသည့်အချက်များကို သိရှိရန် လိုအပ်လာပါသည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် Yoma Events ပြက္ခဒိန်ကို Yoma Connect တွင် ဖန်တီးထားပေးပါသည်။ ထိုပြက္ခဒိန်တွင် ပွဲအစီအစဉ်တစ်ခုချင်းစီ၏ အကြောင်းအရာများကို ဖတ်ရှုနိုင်ပြီး တက်ရောက်ရန် နာမည်စာရင်းပေးသွင်းခြင်းများနှင့် မိမိ၏ကိုယ်ပိုင် ပြက္ခဒိန်တွင် ထည့်သွင်းခြင်းများကိုလည်း လွယ်ကူစွာ လုပ်ဆောင်နိုင်မှာ ဖြစ်ပါသည်။ ယခုအခါ လုပ်ငန်းစုအတွင်း ဝန်ထမ်းများတက်ရောက်နိုင်သည့် အပတ်စဉ်နှင့် လစဉ်ပြုလုပ်သွားမည့် ပွဲအစီအစဉ်များကို ကြည့်ရှုနိုင်မှာဖြစ်ပါသည်။ ပြက္ခဒိန်ကို မိုဘိုင်းဖုန်းတွင် ကြည့်ရှုရလွယ်ကူစေရန်လည်း ပြုလုပ်ထားပါသည်။ ဤလင့်ခ်တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။




လုပ်ငန်းဌာနခွဲများအနေဖြင့် ၎င်းတို့၏ ပွဲအစီအစဉ်များကို Yoma Events ပြက္ခဒိန်တွင် ထည့်သွင်းဖော်ပြလိုပါက ဤလင့်ခ်တွင်ဝင်ရောက်၍ ပေးပို့ထားနိုင်ပါသည်။

## Our CEO's Bloomberg TV Interview on Myanmar Election




On Sunday, the people of Myanmar voted in the country's second democratic general elections since 2015.

Melvyn Pun, CEO of Yoma Strategic shared his views with Bloomberg TV on the elections, his assessment of the reforms over the past five years and why he continues to be optimistic and hopeful of the country's economic transformation.


Click here to watch the full interview.

ပြီးခဲ့သည့် တနင်္ဂနွေနေ့တွင် မြန်မာပြည်သူများသည် ၂၀၁၅ ခုနှစ်မှ စတင်ခဲ့သည့် နိုင်ငံ၏ ဒီမိုကရေစီ ရွေးကောက်ပွဲတွင် ဒုတိယအကြိမ်မြောက် ပါဝင်မဲပေးခဲ့ကြပါသည်။

Yoma Strategic ၏ CEO ဖြစ်သူ Melvyn Pun မှ ရွေးကောက်ပွဲအပေါ် ထားရှိသည့် သူ၏ထင်မြင်ချက်များ၊ ပြီးခဲ့သည့် ၅ နှစ်အတွင်း ဖြစ်ပွားခဲ့သည့် တိုးတက်ပြောင်းလဲမှုများနှင့် နိုင်ငံ၏ စီးပွားရေးတိုးတက်ပြောင်းလဲလာမှုအပေါ် ဆက်လက်အကောင်းမြင်နေကြောင်းကို Bloomberg TV နှင့် ပြုလုပ်သည့် အင်တာဗျူးတွင် မျှဝေပြောကြားခဲ့ပါသည်။

HR ANNOUNCEMENTS

# CCC Update




The Covid Command Center (CCC) is monitoring the Covid situation closely. The Yoma Emergency Level remains on Code Red, work from home status. The CCC continues to meet regularly and currently discussing plans around the reopening of offices in phases. No decision has been made yet, and rest assured we will inform everyone once a plan is finalized.

The Covid Command Center (CCC) မှ Covid အခြေအနေကို သေချာစောင့်ကြည့်လျက်ရှိပါသည်။ ရုံးမ၏ အရေးပေါ်အခြေအနေသည် အနီရောင်အဆင့်တွင် ဆက်လက်ရှိနေသဖြင့် နေအိမ်မှနေ၍ အလုပ်ဆက်လုပ်ကြရပါမည်။ CCC အဖွဲ့မှ ပုံမှန်တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်လျက်ရှိပြီး ရုံးခန်းများကို အလှည့်ကျပြန်လည်ဖွင့်သွားနိုင်ရန်ကို တိုင်ပင်လျက်ရှိပါသည်။ ဆုံးဖြတ်ချက်များ မချမှတ်ရသေးသော်လည်း အစီအစဉ်ရေးဆွဲပြီး အတည်ဖြစ်ပါက ဝန်ထမ်းတိုင်းကို အသိပေးအကြောင်းကြားသွားမှာဖြစ်ပါသည်။

YOMA CONNECT

# New AskHR Message Function




Instead of sending emails, you may now message askHR with Yoma Connect on your phone. Simply click the tap button on your Yoma Connect mobile version to message and connect to askHR for any HR enquires.

အီးမေးလ်ပေးပို့မည့်အစား မိမိဖုန်း၏ Yoma Connect မှတစ်ဆင့် AskHR ထံ မက်ဆေ့ချ်ပေးပို့နိုင်ပြီဖြစ်ပါသည်။ HR နှင့် ပတ်သက်သည့် မေးမြန်းမှုများအတွက် မိုဘိုင်းဖုန်းရှိ Yoma Connect သို့ဝင်ရောက်၍ AskHR ခလုတ်ကို နှိပ်လိုက်ရုံဖြင့် မက်ဆေ့ချ်ပေးပို့နိုင်ပါသည်။

# A Reminder on Social Distancing

As businesses start to slowly open, social activities are also starting to pick up in different townships in Yangon. Some of us are returning to our workplace and some continue to work from home.
We would like to remind all Yoma employees to continue to be vigilant and to follow social distancing guidelines and health measures. There is still a high number of cases daily with the risk of community transmission.

If you experience any Covid-19 symptoms, please call TeleHealth to schedule a consultation for a diagnosis as well as recovery advice. If you suspect that you were in contact with a Covid-19 case, please email or message askHR. A system for contact tracing has been implemented to ensure your safety.

စီးပွားရေးလုပ်ငန်းများ စတင်ဖွင့်လှစ် လုပ်ဆောင်လာပြီဖြစ်သည့်အတွက် ရန်ကုန်မြို့ရှိ မြို့နယ်များတွင် လူမှုရေးလှုပ်ရှားမှုများ စတင်များပြားလာတော့မှာ ဖြစ်ပါသည်။ ဝန်ထမ်းအချို့လည်း လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်လာကြပြီး အချို့မှာလည်း နေအိမ်မှနေ၍ အလုပ်ဆက်လုပ်နေကြဆဲ ဖြစ်ပါသည်။ ရိုးမဝန်ထမ်းများအားလုံး ဆက်လက်ဂရုစိုက်နေထိုင်ကြရန်နှင့် အချင်းချင်းခပ်ခွာခွာနေပြီး ကျန်းမာရေးလမ်းညွှန်ချက်များအတိုင်း ဆက်လက်လိုက်နာကြရန် သတိပေးလိုပါသည်။ လူ့အဖွဲ့အစည်းအတွင်း ကူးစက်မှုများကြောင့် နေ့စဉ်ကူးစက်ခံရသူများမှာလည်း ဆက်လက်မြင့်တက်နေမှာ ဖြစ်ပါသည်။

အကယ်၍ သင်သည် Covid-19 လက္ခဏာများကိုခံစားရပါက ဆရာဝန်နှင့်ဆွေးနွေးတိုင်ပင်ရန် TeleHealth ထံ ဆက်သွယ်ချိန်းဆိုရပါမည်။ သင်သည် Covid-19 ရောဂါရှိသူနှင့် ထိတွေ့မိသည်ဟု သံသယရှိပါက AskHR ထံ အီးမေးလ် (သို့) မက်ဆေ့ချ်ပေးပို့နိုင်ပါသည်။ ဝန်ထမ်းများ၏ ဘေးကင်းလုံခြုံရေးအတွက် ထိတွေ့မှုစုံစမ်းစစ်ဆေးသည့် စနစ်ကိုလည်း ဖော်ဆောင်ထားပြီးဖြစ်ပါသည်။

# Mental Health & Wellness Support Group

The Peer-to-peer Support Group is to provide support for employees affected by anxiety and depression as a result of Covid-19. It is a weekly confidential web-based experience sharing session. A reminder on a straight policy to show up if you sign up for any of the sessions.

Peer-to-peer Support Group သည် Covid-19 ကြောင့် စိတ်ဖိစီးမှုများပြီး စိုးရိမ်ပူပန်နေကြသည့် ဝန်ထမ်းများကို ပံ့ပိုးကူညီရန်ဖြစ်ပါသည်။ အချင်းချင်း အတွေ့အကြုံများကို မျှဝေပြောကြားနိုင်သည့် အပတ်စဉ်ပြုလုပ်သော အစီအစဉ်ဖြစ်ပြီး အချက်အလက်များ ပေါက်ကြားမှုမရှိစေရန် စီစဉ်ထားပါသည်။ ဤကဏ္ဍတွင်ပါဝင်ရန် စာရင်းပေးသွင်းပြီးနောက် လိုက်နာရမည့်လမ်းညွှန်ချက်၊ မူဝါဒများကိုလည်း လက်ခံရရှိမှာဖြစ်ပါသည်။

## YOMA RECRUITMENT

Here are some “Hot Roles” at Yoma this week:
ရိုးမတွင် ယခုအပတ်အတွင်း ခေါ်ယူနေသည့် အလုပ်ရာထူးများမှာ -

1. UAT Tester
2. Talent Acquisition Manager
3. HR Operations Manager
4. Content/Community Manager
5. Senior Finance Manager (Yoma Land)
6. Finance Business Partner (Yoma Land)
7. Planning Manager (Yoma Land)
8. Interior Design Manager (Yoma Land)

*Take charge of your career. For more internal job vacancies, click here.*

PEOPLE2020

# Get a New Phone with Yoma+




As part of People2020 initiative Yoma+ launches its website (www.yomaplus.com) on November 11th, 2020 offering lease-to-buy programs to Yoma employees.

During the Live launch event, Yoma+ announces its special service rates for lease-to-buy phones and tablets with 12-month financing option on a variety of brands: Apple, Samsung and Xiaomi. Offers such as home appliances and other electronic devices will also be available soon.

Get on the Yoma+ dual language website now to register for a new phone. For employees without email address, you can register with phone number. To update your employee information or for any enquiry of the program, contact chit@yomaplus.com or 09 966 235 338.

People2020 အစီအစဉ်၏ ကဏ္ဍတစ်ခုဖြစ်သည့် Yoma+ သည် ရိုးမအုပ်စုရှိ ဝန်ထမ်းများအား ငှားရမ်းဝယ်ယူမှုများ ပြုလုပ်နိုင်ရန် (www.yomaplus.com) ဝက်ဘ်ဆိုဒ် ကို ၂၀၂၀ ခုနှစ် နိုဝင်ဘာလ (၁၁)ရက်နေ့တွင် မိတ်ဆက်ခဲ့ပါသည်။

မိတ်ဆက်ပွဲတွင် Apple, Samsung နှင့် Xiaomi အမှတ်တံဆိပ်ဖုန်းများနှင့် တက်ဘလက်များကို ၁၂-လတိတိ လစာမှအရစ်ကျ ငွေရှင်းသည့်စနစ်ဖြင့် ဈေးနှုန်းသက်သာစွာ ဝယ်ယူနိုင်မည်ဟု ပြောကြားသွားပါသည်။ မကြာမီတွင် ကွန်ပျူတာအပါအဝင် အခြားအိမ်သုံးလျှပ်စစ်ပစ္စည်းများကိုပါ ငှားရမ်းဝယ်ယူနိုင်မည် ဖြစ်သည်။

အင်္ဂလိပ်၊ မြန်မာ ဘာသာနှစ်မျိုးကို အသုံးပြုထားသည့် Yoma+ ဝဘ်ဆိုဒ်တွင် စာရင်းပေးသွင်း၍ ဖုန်းအသစ်ကို ရယူလိုက်ပါ။ လုပ်ငန်းအီးမေးလ်မရှိသူများ ဖုန်းနံပါတ်ဖြင့် စာရင်းပေးသွင်းနိုင်ပါသည်။ မိမိ၏ ကိုယ်ရေးအချက်အလက်များအား ပြောင်းလဲရန်နှင့် အခြားမေးမြန်း လိုသည်များအတွက် chit@yomaplus.com သို့ ၀၉ ၉၆၆ ၂၃၅ ၃၃၈ ထံ ဆက်သွယ် နိုင်ပါသည်။


# Workplace and Microsoft Teams Digest

Does your Workplace have too many irrelevant feeds, how to filter it? What is the Blackmode feature? Do you have any tips on seamless transition swapping slides to camera during a Microsoft Team's meeting? What are the key lookouts when setting up a live webinar on Workplace with my team?

With many of us still working from home, we are using more of Workplace and Microsoft Teams. Some of us are not as tech savvy and take a longer time to adapt to this new mode of communication.

Follow us on the Yoma eLearning page and spend 10 mins to learn from our weekly posts to improve your online working efficiency.




သင့် Workplace မှာ ကိုယ်နှင့်မသက်ဆိုင်၊ မဆီလျော်သောပို့စ်တွေ အများကြီးရှိနေပါသလား? ဒါတွေကို ဘယ်လိုဖယ်ထုတ်နိုင်မလဲ? Black mode လုပ်ဆောင်ချက်ဆိုတာဘာလဲ? Microsoft Teams မှာ အစည်းအဝေးပြုလုပ်နေချိန် ကင်မရာနှင့် Slides တို့ကို တစ်လှည့်စီ ပြောင်းပြတာနှင့် ပတ်သက်ပြီး အကြံကောင်းလေးတွေများရှိပါသလား။ Workplace ပေါ်မှာ webinar တစ်ခုကို တိုက်ရိုက်ထုတ်လွှင့်မယ်ဆိုရင် ဘယ်အရာတွေကို အဓိက သတိထားလုပ်ဆောင်ရမလဲ။

ဒီတစ်လော ကျွန်ုပ်တို့အများစု နေအိမ်မှာဆက်ပြီး အလုပ်လုပ်နေကြရတာဖြစ်သည့်အတွက် Workplace နှင့် Microsoft Teams တို့ကို ပိုအသုံးပြုနေကြရပါသည်။ တချို့က နည်းပညာပိုင်းမှာ အားနည်းတာကြောင့် ယခုလို နည်းပုံစံအသစ်တွေနှင့် ကျွမ်းကျင်ပြီး အံဝင်ခွင်ကျဖြစ်လာရန် အချိန်ယူရပါသည်။

အွန်လိုင်းမှ သင်၏လုပ်ငန်းဆောင်တာများကို ပိုမိုထိရောက်စွာ လုပ်ကိုင်နိုင်ရန် Yoma eLearning စာမျက်နှာကို Follow လုပ်ထားပြီး အပတ်စဉ်ဖော်ပြသွားမည့် အကြောင်းအရာများကို ၁၀ မိနစ်ခန့်အချိန်ပေးပြီး ဖတ်ရှုသင်ယူရန် တိုက်တွန်းလိုက်ပါသည်။

ENTITIES HIGHLIGHTS

# Yoma Bank's partnership with Salesforce

Congratulations to Yoma Bank for your new partnership with the global Customer Relationship Management leader Salesforce. Prior to Salesforce, Yoma bank did not have a (CRM) platform in place. With this partnership and digital transformation, it enables Yoma Bank to provide a true 360-degree customer experience.

*"At Yoma Bank, our goal is to continually find new and innovative ways to understand and support our customers, and Salesforce gives us the agility and scale to truly deliver a unified customer experience and helps us get closer to our customers than ever before."* said Dean Cleland, Chief Executive Officer, Yoma Bank.




To read more about this partnership click here or Mizzima news.

ရိုးမဘဏ်၏ ဒီဂျစ်တယ် အသွင်ကူးပြောင်းရေး နှင့် Customer Relationship Management နည်းပညာတွင် ကမ္ဘာ့ထိပ်တန်းကုမ္ပဏီဖြစ်သည့် Salesforce နှင့် ပူးပေါင်းမှုအတွက် ဂုဏ်ယူမိပါသည်။ Salesforce နှင့် မပူးပေါင်းမီ ရိုးမဘဏ်တွင် CRM အတွက် နည်းပညာ မရှိခဲ့သဖြင့် ယခုမိတ်ဖက်မှုကြောင့် ရိုးမဘဏ်သည် ကာစတန်မာများအား ပြီးပြည့်စုံသည့် ဝန်ဆောင်မှုမျိုးကို ပေးစွမ်းနိုင်မှာ ဖြစ်ပါသည်။ "ရိုးမဘဏ်သည် ကာစတန်မာများ၏ လိုအပ်ချက်ကို နားလည်ရန်နှင့် အကောင်းဆုံး ဝန်ဆောင်မှုများပေးနိုင်ရန် တီထွင်ဆန်းသစ်သော နည်းလမ်းများကို အဆက်မပြတ်ရှာဖွေရန် ရည်မှန်းထားပါသည်။ Salesforce သည် ကျွန်ုပ်တို့အား မိမိတို့၏ ကာစတန်မာများနှင့် ပိုမိုနီးစပ်လာစေပြီး အကောင်းဆုံးသော ကာစတန်မာ အတွေ့အကြုံများကို ပေးစွမ်းနိုင်စေသည်" ဟု ရိုးမဘဏ်၏ CEO ဖြစ်သူ Dean Cleland မှ ပြောကြားသည်။




အဆိုပါမိတ်ဖက်မှုနှင့် ပတ်သက်၍ အသေးစိတ်ကို မဇ္ဈိမသတင်းတွင် ဖတ်ရှု နိုင်ပါသည်။

# Q Care Package




If you have to home quarantine – do not worry. We have an around-the-clock package that will help you get through your 14 days of home quarantine. This includes online TeleHealth support from Pun Hlaing Hospitals 24 hours a day, 7 days a week.

The Q Care Package allows you to access a multitude of services and benefits, including support and advice from our specialised doctors, access to a virtual daily self-monitoring report card to keep track of your wellbeing as a registered customer, essential medication delivered to your doorstep within 12 hours after being prescribed, complete do's and don'ts guidelines, online TeleHealth support at any time of the day, easy and accessible online payment methods, and priority emergency care if needed.

We are always here for you during your Home Quarantine - there is no longer any need to worry!
09 940 050 888

၁၄ ရက်တာ နေအိမ် Quarantine အတွင်း ကျန်းမာရေးစောင့်ရှောက်မှုအတွက် အထောက် အကူပြုပစ္စည်းများကို စီစဉ်ထားရှိပါသည်။ ၎င်းတွင် နေအိမ် Quarantine ကာလတွင် ၂၄ နာရီအချိန်ပြည့် ကျန်းမာရေးစောင့်ရှောက်မှုခံယူနိုင်မည့် TeleHealth အစီအစဉ်လည်း ပါရှိပါသည်။

Q Care Package တွင် အထူးဆရာဝန်များ၏ အကြံဉာဏ်ပေးမှုနှင့် ဆွေးနွေးညွှန်ကြားမှုများကို အချိန်မရွေးရရှိနိုင်ခြင်း၊ Register သူနာပြုများ၏ နေ့စဉ်ကျန်းမာရေးစောင့်ရှောက်မှု၊ ဆေးဝါးနှင့် ဖြည့်စွက်ဆေးများကိုမှာကြားပြီး (၁၂) နာရီအတွင်း အိမ်အရောက်ပို့ဆောင် ပေးခြင်း၊ ဆောင်ရန်၊ ရှောင်ရန် လမ်းညွှန်ချက်များနှင့် စိတ်ဓာတ်ခွန် အားတက်စေသော ဆောင်ရွက်ပေးမှုများကို Online ပေါ်မှတစ်ဆင့် ဝန်ဆောင်ပေးမှု နိုင်ကာလွယ်ကူအဆင်ပြေသော Booking စနစ်နှင့် ငွေပေးချေနိုင်ခြင်း၊ အရေးပေါ် ကိစ္စရပ်များအတွက် ဦးစားပေးခြင်း အစရှိသည့် အကျိုးခံစားခွင့်များကို ရရှိနိုင်မှာ ဖြစ်ပါသည်။

ထို့ကြောင့် နေအိမ် Quarantine ဝင်ရသူများ စိုးရိမ်စရာမလိုပါ။ သင့်ကျန်းမာရေးအတွက်ကူညီရန် ပန်းလှိုင်ဆေးရုံမှ အမြဲအသင့်ရှိနေပါသည်။ ၀၉ ၉၄၀ ၀၅၀ ၈၈၈